# ကံ ကံဇါအကျိုး

နန္ဒာမိုးကြယ်






တစ်ခါတုန်းက ကြွက်ရာဇာ

သည် ရပ် သည် ရွာမှာ တော့ သူ့နာမည်ရင်းဖြစ်သော "စောဖြူ" ကို ဘယ်သူကမှ စောဖြူဟူ၍ မခေါ်။

"ကြွက်ရာဇာ" ဟူ၍ ပဲ ခေါ်ကြသည် ။

သည် လိုမျိုး "ကြွက်ရာဇာ"ဟူ၍ အမည်တွင် လာခြင်းအပေါ် ဘယ်အချိန် ဘယ်ကာလက စတင်ခဲ့မှန်း သူကိုယ်တိုင်တောင်မသိတော့။ သို့ရာတွင် စောဖြူတစ်ဖြစ်လဲ "ကြွက်ရာဇာ" အမည်တွင် လာရခြင်းကိုပင် သူ့ကိုယ်သူ သဘောကျနေမိပါသေး။ သူကလည်း ကြွက်ဆိုလျှင် အသည်းခိုက်အောင် ကြိုက်မှ ကြိုက်။ သူ့ဘဝမှာ ကြက်သားမစားရရင် မလွမ်း၊ ဝက်သားမစားရရင်လည်း ဝမ်းမနည်း။ ကြွက်ကိုသာ အရေခွံဆုတ်၊ ထီးရိုးဝါးချွန်နှင့် တံစို့ကလေးထိုးပြီး မီးကျီးခဲရဲရဲမှာ ကင်ကာ ကြွပ်ကြွပ်ရွရွကလေး စားလိုက်ရလို့ များကတော့ အာဂပါးစပ် လူဖြစ်ရကျိုးနပ်လေငဲ့ဟု ဆိုရမည်သာ ဖြစ်၏။

သည် တစ်ရွာလုံးအဖို့ ကြွက်ဟင်းစားနှင့်ပတ်သက်လျှင် ကြွက်ရာဇာကိုပင် အားထားနေကြရသည် ။ ရွာအရှေ့ပိုင်း ကိုမြင့်သိန်း၊ ညိုထွေးကြည်တို့ အရက်ဆိုင်ဆိုလျှင် ကြွက်ရာဇာအတွက် တကယ့်ထာဝရ ဖောက်သည် ကြီးဆိုလျှင် မမှား။

သဘာဝတရားကြီးက ကြွက်ရာဇာအား "အမောင်လုလင် သင့်ဘဝတစ်ခုလုံး၏ စားဝတ်နေရေးအတွက် ကြွက်ထိုး ကြွက်လိုက်ခြင်းဖြင့် လုပစွာ တည်ဆောက်လော့"ဟူ၍ သတ်မှတ်ပေးလိုက်သည် လား မဆိုသာ ။ သူ လူမှန်းသိလိုက်ရသည့်ကာလမှ အစပြု၍ အိမ်ထောင်ကျသည့် ယခုလိုကာလမျိုးအထိ ကြွက်ထိုး ကြွက်လိုက်ခြင်းဖြင့် ဘဝကို ဖြတ်သန်းလာခဲ့ရသည် ။ ဒါကိုပင် သူက ကေနပ်နေခဲ့သည် ။

တကယ်တော့ မျိုးစေ့မှန်၍ အပင်သန်သည် ဟု ဆိုရပေလိမ့်မည်။

သူ့အဖေကလည်း ကွက်ထိုး၊ ကွက်လိုက်သမား။

ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကပင် ဖခင်နှင့် ကွက်ထိုးကွက်လိုက်ခြင်းပညာကို ဆရာစား မကျန်အောင် သူကျွမ်းကျင်တတ်မြောက်ခဲ့သည် ပဲ။ သူ့အမေ မကွယ်လွန်မီက ပြောခဲ့ဖူးသော စကားအချို့ကို သူ မမေ့သေး။

"စောဖြူရယ် … နင်ဟာလေ ကွက်ထိုးသမားရဲ့ သားလို့ မပြောရဘူး။ ငါ့သွေးတစ်စက်မှ မပါဘူး။ နင့်အဖေ သွေးတွေချည်းပဲ။ နင့်ရုပ်ကို နင် မှန်ထဲ ပြန်ကြည့်စမ်း။ မျက်နှာက စုတ်ချွန်းချွန်း၊ ရှည်မျောမျော။ ပြီးတော့ နှာခေါင်းကလည်း တရှုံ့ရှုံ့၊ တကယ့် ကွက်ရုပ်မှ ကွက်ရုပ်အတိုင်း ၊ ငါမွေးထားတာ လူမဟုတ်ဘဲ ကွက်များ ဖြစ်နေမလား မပြောတတ်တော့ဘူး"

သည် လိုပြောလို့ ကတော့ နာလေမည်လား မမှတ်နှင့်။ ကွက်ရာဇာတို့ က တဟဲဟဲနှင့် … ရယ်သွမ်းသွေး မပျက်။ သူ့အဖေကလည်း တဟဲဟဲ …။

"ငါ့သားက ငါ့ထက်သာတာ အမှန်ပဲဟေ့။ ဒါကြောင့်လည်း "ဖအေ့ထက် သားက လက်ဝါးစောင်းထက်" လို့ ပြောကြတာ ဖြစ်မှာ ပဲ။ ဒီကောင် လေအောက်ကနေ နှာခေါင်းတရှုံ့ရှုံ့ တပွပွလုပ်နေပြီဆိုရင် ဘယ်နေရာမှာ ကွက်ရှိတယ်ဆိုတာ တန်းခနဲပဲ။ ဒါတင် ဘယ်ဟုတ်ဦးမှာတဲ့ လဲ … ကွက်တောင်မှ အိမ်ကွက်၊ လယ်ကွက်၊ အမိုက်ပုံကွက်၊ ကွက်ကတိုး၊ ကွက်သိုး၊ ကွက်နီ၊ ကွက်ဝမ်းဖြူ၊ ကွက်ဖလောင်း၊ ကွက်စုတ်ဆိုတာ တန်းခနဲ ပြောနိုင်တယ်ဗျား"

သည် လိုမျိုး ဖခင်က ပြောလာတော့ ကွက်ရာဇာအဖို့ သူ့ကိုယ်သူ ဂု

ဏ်ယူရသည် မှာ အမော။

သည် နေရာမှာ တိုးမောင်ကြီးကိုလည်း ချန်ထား၍ မဖြစ်။

တိုးမောင်ကြီးဆိုသည် မှာ သားပေါက်ကလေးဘဝကနေ အားကောင်းမောင်းသန် ထွားထွားကျိုးကျိုင်း ဖြစ်လာသည် အထိ တယုတယ မွေးမြူလာခဲ့ရသည့် ခွေးညိုကြီးပဲ ဖြစ်သည် ။

"ဟ ... ငါ့သား ... မင်းရဲ့ တိုးမောင်ကြီးရဲ့ လျှာမှာ လျှာစ၊ အာစ ပါတယ်ကွ။ ဒီလိုကောင်မျိုးက မြွေကိုက်ခံရလို့ ဘယ်တော့မှ မသေဘူး"

တိုးမောင်ကြီးသည် လည်း အသွင်တူ၍ အိမ်သူဖြစ်လာဟန် တူသည် ။ ကြွက်ဆိုလျှင် အသေအလဲ ကြိုက်မှ ... ကြိုက်။ ကြွက်သားကြိုက်သလို ကြွက်လိုက်ကလည်း ကောင်းမှ ကောင်း။ မြေကုန်းမို့မို့ တစ်နေရာ၊ အဲသည် ထဲမှာ ကြွက်ရှိနေလို့ မျှားကတော့ ဂနာမငြိမ်ပြီ။ တအီအီ တအင်အင် အသံပြုရင်း မြေကိုယက်တော့သည် ။ တွင်းဝပေါ်လာလျှင် နှာခေါင်းထိုးကြည့်မည်။ ရှေ့ခြေနှစ်ဖက်ဖြင့် တရစပ်ကို ယက်တော့မည် ။ သည် လိုမျိုး အဆက်မပြတ်လုပ်ပြီဆိုလျှင် တွင်းထဲမှာ ကြွက်လည်း မနေသာ။ လွတ်ရာလွတ်ကြောင်း တွင်းထဲမှ ခုန်ထွက်ပြေးပြီဆိုလျှင် တိုးမောင်ကြီး အလွတ်မပေးတော့။ ကမန်းကတန်း ရှေ့ခြေနှစ်ဖက်ဖြင့် ဖမ်းအုပ်ကာ ကြွက်ကိုခဲပြီး ခါရမ်းပစ်တော့သည် ။ သွားပေရော့ တစ်ကောင် ။

သည် တော့လည်း တိုးမောင်ကြီးသည် ကြွက်ရာဇာအတွက် တကယ့်ကို ရဲဘော်ရဲဘက်ကောင်း ဖြစ်လာရတော့သည် ။ တိုးမောင်ကြီး လိုက်၍ ရေနက်ထဲ ဖြတ်ပြေးသည့် ကြွက်ဆိုလျှင်တော့ ကြွက်ရာဇာက လေးခွထုတ်တော့သည် ။ ဖောက်ခနဲ ... တစ်ချက်တည်းဆို တစ်ချက်တည်း။

ဘာသဘောလဲတော့ မသိ။ ကြွက်ရပြီဆိုလျှင် လက်စွဲတော် အသွားခြောက်လက်မ ကျော်သည့်ဓားကို ဓားမြှောင်အိမ်မှ ထုတ်၍ ကြွက်၏ လက်နှစ်ချောင်းနှင့် ခြေနှစ်ချောင်းတို့ အား တိခနဲ ဖြတ်ပစ်တတ်သည် က ကြွက်ရာဇာ၏ အကျင့်။ ပြတ်ကျသွားသည့် လက်ခြေတို့ အား တိုးမောင်ကြီးက တစ်ကျွတ်ကျွတ်နှင့် မြိန်ရေရှက်ရေ ဝါးတော့သည် ။ လွယ်အိတ်ထဲမှာ တော့ လက်၊ ခြေတို့ အရှင်းမရှိသည့် ကြွက်သေတွေက တစ်ပုံတစ်ခေါင်း။

စပါးတို့ ရင့်မှ ည့်ချိန်၊ ကောက်ရိတ်ချိန်ဆိုလျှင် ကြွက်ရာဇာအဖို့ ကြွက်တွေကို မလိုချင်မှ အဆုံး။ ငွေစရှင်တော့လည်း ကာလမကြာခင်ကမှ ညားခဲ့လေသော ထွေးရီအဖို့ တပြုံးပြုံး။ အရေခွံဆုတ်၊ ရင်ခွဲသည့်နေရာမှာ တော့ ထွေးရီက မောင်တစ်ထမ်း၊ မယ်တစ်ရွက် ညီလှသည် ။ ထိုအချိန်ဝယ် တောအရက်တစ်လုံး၊ ထွေးရီ စီမံပေးထားသော ကြွက်ကြော်တစ်ပန်းဖြင့် ကြွက်ရာဇာအဖို့ စည်းစိမ် ယစ်နေပေတော့သည် ။

***

အခုဆိုလျှင် ကြွက်ရာဇာတို့ မိသားစုမှာ အမေလည်း မရှိတော့၊ အဖေလည်း မရှိတော့။ အမေက လွန်ခဲ့သော နှစ်နှစ်ကျော်ကာလမှာ ပင် သွေးဆုံးကိုင်သော ရောဂါဝေဒနာကို တရှောင်ရှောင် ခံစားရင်း ကွယ်လွန်သွားခဲ့သည် ။

အဖေကတော့ တစ်မြန်နှစ်မှာ ကွယ်လွန်ခဲ့သည် ။ အဖေ၏ ကွယ်လွန်မှုက ကြွက်ရာဇာအတွက် သင်ခန်းစာ ယူစရာဖြစ်ခဲ့သည် ။ အဖေ ကွယ်လွန်သည့်နေ့ကို သူ မမေ့သေး။

အဲသည် နေ့က သူတို့ သားအဖ နှစ်ယောက် တိုးမောင်ကြီးကို ခေါ်၍

ကြွက်ထိုး ထွက်ခဲ့သည် ။

"သည် ကနေ့ ... ကျပ်တီးကုန်းဖက်ကို သွားထိုးကြရအောင်ကွာ ... အဲသည် မှာ က ကြွက်ပေါတယ်။ အေး ... ကြွက်ပေါသလို မြီးတို၊ မြီးရှည်တွေကလည်း ပေါတယ်ကွ ... သတိတော့ ထားရမယ်"

"မပူပါနဲ့ အဖေရာ ... တိုးမောင်ကြီးလည်း ပါသားပဲဥစ္စာ"

ပြောမည့်သာ ပြောရသည် ။ မြီးတို၊ မြီးရှည်တွေကိုတော့ အဖြုံသား။

မြီးတိုဆိုသည် မှာ ... မြွေပွေးကို ဆိုလိုခြင်းဖြစ်ပြီး၊ မြီးရှည်ဆိုသည် က မြွေဟောက်ကို ဆိုခြင်းဖြစ်သည် ။ လူသားတွေ ကြွက်သားကြိုက်သလို မြီးတို၊ မြီးရှည်တွေကလည်း ကြွက်ကို ကြိုက်ကြသည် ။ အကြိုက်ချင်းတူသည့် မုဆိုးအချင်းချင်း ရင်ဆိုင်တွေ့ကြသည့်အခါ ရန်သူတွေ ဖြစ်မှန်းမသိ ဖြစ်တတ်ကြသော သဘောရှိ၏။ သူဦးလျှင် သူက ဦးအောင် တွယ်တတ်ပြီး ကိုယ်ဦးလျှင်တော့ ကိုယ်က ဦးအောင် တွယ်တတ်ကြသည် မှာ ဓမ္မတာ။

"ငါ ... တစ်ခါရောက်လို့ ကြည့်ခဲ့ပြီးပြီ။ ကြွက်တွင်းတွေဆိုတာ နည်းနည်းနောနော မဟုတ်ဘူး ။ သည် တော့ တူးရွင်းငန်းပြားတစ်လက်တော့ ယူခဲ့မှ ဖြစ်မယ် သား"

ကြွက်တွေကလည်း သူ့အသိပညာနှင့်သူ။ နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း ပုန်းခိုနေထိုင်နိုင်ရန်အတွက် တွင်းကို ဥမင်အဆင့်ဆင့်၊ ဝက်ပါနှင့်မခြား တူးပြီး နေတတ်ကြသည် ။ ကြွက်လိုက်သူအဖို့ တွင်း၏ အနေအထား၊ မြေစာ၊ ကျစ်စာတို့ ကို ကြည့်၍ ကြွက်ရှိသည့်လမ်း၊ ကြွက်ရှိသည့်အထပ်၊ ကြွက်ရှိသည့် နေရာတို့ ကို ခန့်မှန်းကြည့်ရှုနိုင်သည် ။

ယခုသွားမည့် ကျပ်တီးကုန်းဆိုသည် က ချောင်းတစ်ခုကို ကျော်သွား

ရသည် ။ ပြီးလျှင် လယ်စိုက်၍ မရသည့် ဖုန်းဆိုးတော။ အဲသည် မှာ ပိတ်စွယ်ပင်၊ ကျူပင်တွေ၊ ဗျိုက်တောတွေ၊ မြက်ရိုင်းတောတွေ၊ လမုပင်တွေ၊ ထိန်ပင်တွေ ပိတ်ကြပ်အောင် ပေါက်နေသည် ။ ဒါတွေကို သတိထား ဖြတ်ကျော်ပြီးလျှင်တော့ စေတီပျက်တစ်ဆူရှိသည် ကျပ်တီးကုန်းကို ရောက်ပေပြီ။

အဲသည် ကိုရောက်ဖို့ ဖြတ်သန်းရမည့် နေရာတစ်လျှောက်မှာ တော့ ချုံနွယ်ပိတ်ပေါင်းတို့ အကြား ခိုနားရစ်ခွေ နေတတ်သည့် မြီးတို၊ မြီးရှည်တို့ ၏ အန္တရာယ်က မသေး။ မြီးတိုဆိုလျှင် သူ့ကို လာမထိက ဘာမှ မလုပ်။ ထိမျှား ထိလို့ ကတော့ဖြင့် ဆံတစ်ပင် လေအဟပ်မခံ။ လျင်မြန်လှပါသည် ဆိုသည့် ယင်ကောင်ပင် မလွတ်။ မြီးရှည်ကတော့ ပါးပျဉ်းခွက်လျက် လူကို ခြောက်လှန့်ချင် ခြောက်လှန့်ပေဦးမည်။

ချောင်းကို ဖြတ်ကူးအပြီးမှာ တော့ ထိန်ပင်အောက်တွင် ခဏနားကြသည် ။ နားသည် ဆိုခြင်းထက် ရေငတ်ပြေ တစ်ခွက်တစ်ဖလား မော့ကြခြင်းဆိုလျှင် မမှား။ သားအဖ နှစ်ယောက်စလုံး သည် နေရာမှာ လည်း အကျင့်စရိုက်တူကြသည် ။ ကြွက်တွင်းထဲ ရေလောင်းချလိုက်သည့်အလား တဂွပ်ဂွပ် မော့ချပေမဲ့ တစ်စက်ကလေးမျှ မူးဟန်မပြ။ သရုပ်မပျက်။

"ရှီး ... ဖောက်"

ချောင်းစပ်ပေါ် တက်လာသည့် ဝဖီးဖီး ကြွက်တစ်ကောင်။

ကြွက်ရာဇာ၏ မျက်စိကလည်း လျင်မှ လျင်။ လက်ဆလက်နကောင်းစွာဖြင့် လေးတစ်ချက်သာ ဆွဲလိုက်ရသည် ။ ကြွက်ကြီးမှာ ပုံလျက်သား။ သည် မြင်ကွင်းကို တိုးမောင်ကြီးတွေ့တော့ သခင့်အလိုက်ကို သိသည့်အလား တအီအီအသံပြုလျက် ချောင်းစပ်သို့

ပြေးဆင်းကာ ကြွက်ကြီး၏ လည်ကုပ်ကို ခဲ၍ ပြန်လာခဲ့သည် ။ ကြွက်ရာဇာလည်း တိုးမောင်ကြီးပေးလာသည့် ကြွက်ကိုယူ၍ ထုံးစံအတိုင်းဆိုသလို ဓားမြှောင်အိမ်မှ ဓားကိုချွတ်ကာ ကြွက်၏ ခြေနှင့်လက်တို့ ကို ခုတ်ဖြတ်ပစ်လိုက်သည် ။

"ငါ့သားရယ် ... မင်းမလည်း ဘာအကျင့်လည်း မသိဘူး။ ကြွက်ရပြီဆိုတာနဲ့ သေပြီးပြီး၊ မပြီးပြီး ... ခြေလက်တွေ တုံးတိကြီးဖြစ်အောင် ဖြတ်တော့တာပဲ။ ဝဋ်လိုက်မှာ မကြောက်ဘူးလား"

"ဟာ ... အဖေကလည်း ဗျာ။ မလွဲမသွေ သေရတော့မယ့် သတ္တဝါကို ခြေတွေလက်တွေ ဖြတ်ပစ်တာ ဘာအရေးလဲဗျာ။ ဝဋ်ဆိုတာ ဘာလဲ ... ကျုပ်နားမလည်ဘူး။ ကျုပ်နားလည်တာကတော့ အင်မတန် အကြည့်ရဆိုးတဲ့ ခြေတွေလက်တွေကို မမြင်ရအောင် ရှင်းပစ်ဖို့ ပဲ။ ဟုတ်တယ်မလား တိုးမောင်ကြီး"

တိုးမောင်ကြီးကလည်း သူ့အရှင်သခင်နှင့် ဘာမျှမခြား။ တအီအီအသံပြုရင်းမှ ကြွက်ခြေ၊ ကြွက်လက်တို့ ကို အားပါးတရ စားနေသည် ။

"ကိုင်းဟေ့ ... သွားကြမယ်"

အမောအပမ်း ပြေပြီမို့ နေရာမှ ထလိုက်ကြသည် ။ ပြီးတော့ ချုံနွယ်ပိတ်ပေါင်းတွေကို သတိဝီရိယဖြင့် ကျော်ဖြတ်ကြရင်းက စေတီပျက်ကလေးရှိရာ ကျပ်တီးကုန်းသို့ ရောက်လာခဲ့ကြသည် ။

အဆိုပါ ကျပ်တီးကုန်းကား လူ အသွားအလာ မရှိသလောက် ပါးလျလွန်းလှသည် ။ မသွားမလာဆို ပိုးကောင်မွှားကောင် ပေါများ ၍ အသက်အန္တရာယ်နှင့် လွန်စွာမှာ နီးလှသည် မဟုတ်ပါလား။

"နေဦးကွာ ... ဆီးကြောတွေ တင်းနေတယ်၊ အပေါ့သွားလိုက်ဦးမ

ယ်"

ပြောပြောဆိုဆိုနှင့် ဖခင်ဖြစ်သူက မိုးတိုးမတ်တတ်ရပ်ကာ ပုဆိုးကို လှန်လျက် တဖျန်းဖျန်း ပန်းထုတ်လိုက်သည် ။ ထိုစဉ်မှာ ပင် တိုးမောင်ကြီးသည် တအီအီ အသံပြုကာ လှန်ထားသော ပုဆိုးကို ဆွဲ တော့သည် ။

"ဟာ ... ဒီ မအေ (...) ခွေးကလည်း ဘယ်လိုဖြစ်နေတာလဲ ... ထွီ"

တိုးမောင်ကြီး ပုဆိုးစကို လွှတ်ပေးတော့ ပြန်ဝတ်သည် ။ ပြီးတော့ သူပင် ရှေ့မှ ကြိုတက်ကာ ကွက်တွင်းကို ရှာတော့သည် ။ ဤတွင် တိုး မောင်ကြီးသည် ကွက်ရာဇာ၏ ပုဆိုးစကို ကိုက်ဆွဲထားပြန်၏။ သည် အခိုက်မှာ ပင် ကွက်ရာဇာ တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်လာကာ ကြက် သီးမွေးညင်းများ ထ လာလေ၏။

"အား ... အမလေး ... သေပါပြီဗျာ"

ဖခင်ဖြစ်သူ၏ အသံနက်ကြီး ...။

ကွက်ရာဇာ အပြေးအလွှားသွားတော့ မြီးရှည်တစ်ကောင်သည် လျှောခနဲဆိုသလို အုတ်ကျိုးပုံများ အတွင်း ဝင်ရောက်သွားခဲ့လေပြီ။

"အဖေ ... အဖေ ... ဘာ ... ဘာဖြစ်တာလဲ"

"ငါ ... ငါ ... ပိုးထိသွားပြီကွာ။ မျက်လုံးထဲလည်း ဝင်းခနဲပဲ။ အခု ... ငါ ဘာမှ မမြင်ရတော့ဘူး။ အဲဒါ ... စောစောက ငါ မရိုမသေ အပေါ့သွားလို့ ၊ ညစ်တီးညစ်ပတ်ဆဲလို့ တောပိုင်တွေက ဒဏ်ခတ်လိုက် တာ အား ... အ"

သည် မျှပင် ပြောဆိုပြီး ဇက်ကျိုးကာ အသက်ထွက်သွားလေတော့၏ ။

***

အဖေပေးခဲ့သော သင်ခန်းစာဖြင့် ကြွက်ရာဇာအဖို့ ဘယ်တောကိုမှ လျှိုးလျှိုး၊ တိုးတိုး၊ ဝင်ဝင်၊ ထွက်ထွက် အရိုအသေတန်သော အပြုအမူတို့ မပြုလုပ်မိရန်၊ မပြောဆိုမိရန် သတိထားလေ့ ရှိတော့သည် ။

သည့်အတွက် အနှောင့်အယှက်တို့ ကင်းမဲ့လေသည် လားမဆိုသာ။

သို့ရာတွင် ကြွက်တစ်ကောင်၊ တစ်ကောင် ရလေတိုင်း ခြေတို၊ လက်တိုဖြစ်အောင် ဖြတ်ပစ်သည့် အလေ့ကမူ မဖျောက်။

"ကိုရာဇာ ... သည် ကနေ့ စောစော ပြန်လာနော်။ ဝမ်းဆွဲသည် ဒေါ်မိပြောတာက ဒီနေ့ မွေးနိုင်တယ်တဲ့ "

"အေးပါ ... ထွေးရီရယ် ... ဘာမှ စိတ်မပူပါနဲ့ ။ ငါစောစောပြန်လာခဲ့ပ့ါမယ်။ အခုဟာက နေရာကောင်း တစ်နေရာ တွေ့ထားလို့ ဟ။ ငွေပိုငွေလျှံလေးရတော့ ဘာမှ မပူရတော့ဘူးပေ့ါဟာ"

"အေးပါတော် ... အေးပါ"

"ငါလည်း ဒေါ်မိကို ပြောထားပါတယ်။ သားကလေးမွေးပေးပါလို့ ။ သားကလေးရလာရင် င့ါလို မဖြစ်စေရဘူး။ စာတတ်၊ ပေတတ်၊ ပညာတတ်ကြီး ဖြစ်စေရမယ်"

"အေးပါတော် ... ကျုပ်လည်း တော့်သဘောအတိုင်းပါပဲ"

လင်မယားနှစ်ယောက် ကြည်နူးစွာ စကားဆိုကြပြီးသည့်နောက် ကြွက်ရာဇာလည်း တိုးမောင်ကြီးကို ခေါ်၍ ကြွက်လိုက်ထွက်ခဲ့သည် ။

ကံအားလျော်စွာပင် သူရှာဖွေ တွေ့ရှိထားသည့်နေရာမှ ကြွက်ဆယ်ကောင်လောက် ရလိုက်သည် ။ ထုံးစံအတိုင်း လွယ်အိတ်ထဲမှာ တော့ ခြေတုံးတိ၊ လက်တုံးတိနှင့် ကြွက်သေတွေက တစ်ထွေးကြီး။

"ဒီနေ့အဖို့ တော့ .. ဒီလောက်နဲ့ တော်ပြီကွာ။ ထွေးရီကလည်း ဒီနေ့ မွေးမယ်လို့ ပြောတယ်။ ပြန်ကြရအောင် အိမ်မှာ မင်းရဲ့ သခင်အသစ်ကလေးက တို့ ကို "အူဝဲ ... အူဝဲ"ဆိုပြီး ကြိုနေမှာ ကွ တိုးမောင်ကြီးရ"

သူ့စကားကို နားလည်သည့်အလား တအီအီ အသံပြု၍ အမြီးကို လှုပ်ရမ်းကာ တိုးမောင်ကြီးလည်း ရှေ့မှ ထွက်ခဲ့လေ၏။

***

"ပြောရင် ယုံနိုင်မယ်တောင် ထင်ကြလိမ့်မယ် မဟုတ်ဘူး ဒကာရေ ... အဲသည် နေ့က ကျုပ်အိမ်ကို ပြန်ရောက်တော့ ကမ္ဘာပျက်တော့တာပါပဲ။ ဘာကြောင့်လည်း ဆိုတော့ ထွေးရီဟာ ကလေးမီးဖွားပြီး သွေးတက်ကာ သတိ ပြန်မလည်တော့ဘူး။

မွေးတဲ့ ကလေးဟာကျုပ်တို့ အင်မတန်လိုချင်တဲ့ ယောက်ျားလေးပါပဲ။ ဒါပေမဲ့လည်း ကလေးဟာ နာရီပိုင်းသာ အသက်ရှင်ပါတယ်။ ပြီးတာနဲ့ သူ့အမေနောက်ကို အပြီးလိုက်သွားပါလေရော။ ကျုပ်အဖို့ တော့ မျှော်လင့်ကြီးစွာ တည်ဆောက်ခဲ့တဲ့ စိတ်ကူးယဉ် အိမ်ကလေးဟာ ဘုံးဘုံးကို ပြိုလဲသွားတော့တာပါပဲ။ ကျုပ်ဘဝမှာ ထားရမယ့် သံယောဇဉ်ဆိုတာ ဘာတစ်ခုမှ မရှိတော့ဘူး။

သည့်ထက်ဆိုးတာက မွေးလာတဲ့ သားယောက်ျားလေးဟာ ကျုပ်တင်မက တစ်ရွာလုံးကပါ အံ့ဩယူကြရတယ်။ အဲဒါ ဘာဖြစ်လို့ လဲ သိ

လား။ လူတော့ လူပါပဲ။ ဒါပေမဲ့ တစ်ကိုယ်လုံး အမွေးအမှ င်တွေ ဖုံးနေတယ်။ မျက်နှာက ရှည်ရှည်၊ နားရွက်အချွန်က သေးသေး ကလေး။ အားလုံးက ထွေးရီမွေးတာ ကြွက်ကလေးမှ ကြွက်ကလေးတဲ့ ။

ဒါ့ထက်ဆိုးတာက အဲသည့် ကြွက်ကလေးနဲ့ တူတဲ့ သားကလေးဟာ လက်နှစ်ဖက်လုံးရော ခြေထောက်နှစ်ဖက်လုံးပါ လက်ဖဝါးမရှိ၊ ခြေဖဝါးမရှိနဲ့ ငုံးတိတိ ပြတ်နေတာပါပဲ။ကျုပ်ရဲ့ မျက်လုံးထဲမှာ ကျုပ် ဖြတ်တောက်ပစ်ခဲ့တဲ့ ကြွက်တွေ ... ကြွက်တွေ ... ကြွက်တွေကိုပဲ မြင်နေမိတော့တယ် ဒကာ။

သားကလေးဟာ သူ့အမေနောက်ကို လိုက်သွားတာ ခပ်ကောင်းကောင်း ပါပဲ။

အဲဒါနဲ့ ကျုပ်လည်း အဖေပြောခဲ့တဲ့ "ဝဋ်လိုက်မှာ မကြောက်ဘူးလား " ဆိုတာကြီးကို ပဲ့တင်ထပ်သလို ကြားကြားပြီး နောက်ဆုံးမှာ ရာသက်ပန် သာသနာ့ဘောင်ထဲကို ဝင်လိုက်တော့တာပဲ ဒကာ။ ကျုပ်ဟာ စာမတတ်ပါဘူး။ ဒီတော့ ဆရာတော်ကြီး ပြသပေးတဲ့ အာနာပါန ကမ္မဋ္ဌာန်းကို ရှုရင်း၊ အားထုတ်ရင်း ဘဝကူးကောင်းအောင် လုပ်နေပါပြီ ဒကာ"

"သာဓု ... သာဓု ... သာဓုပါဘုရား"

စာရေးသူအဖို့ ကြွက်ရာဇာဘဝမှာ ဦးပဉ္စင်းစန္ဒောဘာသအဖြစ်ကူးပြောင်းသွားခဲ့သည့် ဘုန်းကြီးတစ်ပါး၏ ဇာတ်လမ်းကို နားဆင်ရင်း သတိသံဝေဂတွေ ရယူနေမိသည် ။

နေညိုစောင်း၍ ကျောင်းသင်္ခမ်းမှ ပြန်ထွက်တော့ ကျောင်းရှိ ခွေးအိုကြီးတစ်ကောင်က ကျောင်းဝအထိသို့ လိုက်ပို့ရှာပါ၏။

ထိုခွေးအိုကြီးကား အခြားမဟုတ်။

အမဲလိုက်၊ ကြွက်လိုက်ခွေးဘဝမှာ ကြေးစည်သံ၊ တရားသံတို့ ဝေ့ဝဲသည့် ကျောင်းခွေးအသွင် ကူးပြောင်းခဲ့သည့် တိုးမောင်ကြီးပင် ဖြစ်ပါသတည်း။

***